အသင်တို့အနက် တစ်ဦးတစ်ယောက်သည် အိပ်သော်အခါ

ရှိုင်သွာန်သည် ၎င်းရဲ့

ဦးခေါင်းနောက်စေ့တွင်အထုံးသုံးထုံး ထုံးလေသည်။

အထုံးတိုင်းတွင် အသင့်အတွက် ညသည် အရှည်ကြီး

ကျန်သေးသည်။ ထို့ကြောင့် အသင်ဆက်အိပ်ပါ ဟု

မန်းမှုတ်လေသည်

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် အိပ်သော်အခါ ရှိုင်သွာန်သည် ၎င်းရဲ့
ဦးခေါင်းနောက်စေ့တွင်အထုံးသုံးထုံး ထုံးလေသည်။ အထုံးတိုင်းတွင် အသင့်အတွက် ညသည်အရှည်ကြီး ကျန်သေးသည်။ ထို့ကြောင့် အသင်ဆက်အိပ်ပါ ဟု မန်းမှုတ်လေသည်။ အကယ်၍
(အိပ်နေ )သူသည် အိပ်ယာမှနိုးထပြီး အလ္လာဟ်အရှင်မြတ်အား သတိရတသခဲ့လျှင်
အထုံးတစ်ထုံး ပြေသွားလေသည်။ အကယ်၍ ၎င်းသည် ဝူဿွူပြုလုပ်ခဲ့လျှင်
နောက်ထပ်တစ်ထုံးပြေသွားလေသည်။ အကယ်၍ ဆွလာသ် ဝတ်ပြုခဲ့လျှင် (နောက်ဆုံးကျန်နေသည့်)တစ်ထုံးပါ ပြေသွားလေသည်။ ထိုအခါ ၎င်းသည် လန်းဆန်းစွာ၊
စိတ်ချမ်းသာစွာဖြင့် မနက်ခင်းအခါကို ရောက်ရှိလေသည်။ ထိုသို့မဟုတ်ပါက ၎င်းသည်
စိတ်ညစ်ငြူးပျင်းရိလျက် မနက်ခင်းအခါကို ရှောက်ရှိရလေသည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် သဟဒ်ဂျုဒ်ဆွလာသ် သို့မဟုတ်ဖဂျရ်ဆွလာသ်ဝတ်ပြုရန် နိုးထလိုသောလူသားနှင့်အတူရှိသည့် ရှိုင်သွာန်၏ အခြေအနေနှင့်တိုက်ခိုက်မှုအကြောင်းကို မိန့်ကြားခဲ့သည်။ မုအ်မင်န် တစ်ဦးသည် အိပ်ရာဝင်သောအခါရှိုင်သွာန်သည် သူ၏ ဦးခေါင်းနောက်စေ့တွင် အထုံးသုံးထုံး ထုံးလေသည်။ ထို့နောက်ထိုမုအ်မင်န်သည် အိပ်ယာနိုးထလာ‌သော အခါ အလ္လာဟ်အရှင်မြတ်အား သတိရတသပြီး၊ရှိုင်သွာန်၏ သွေးဆောင်မှုများကို လိုက်နာခြင်းမပြုပါက အထုံးတစ်ထုံးပြေလျော့သွားသည်။ ထို့နောက် သူသည် ဝူဿွူအ် ပြုလုပ်ပါက နောက်ထပ်အထုံးတစ်ထုံးပြေလျော့သွားသည်။ ထို့နောက် သူသည် ထပြီး ဆွလာသ်ဝတ်ပြုပါက တတိယအထုံးလည်းပြေလျော့သွားကာ၊ ၎င်းသည် လန်းဆန်းစွာ၊ စိတ်ချမ်းသာစွာဖြင့် မနက်ခင်းအခါကိုရောက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်က သူ့အား ပေးသနားတော်မူသောနာခံမှုအတွက် ဝမ်းမြောက်ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်ကသူ့အားကတိပေးထားတော်မူသော ကုသိုလ်အကျိုးနှင့် လွတ်ငြိမ်း ချမ်းသာခွင့်တို့ကြောင့်ဝမ်းသာပျော်ရွှင်နေသည်။ တစ်ဆက်တည်းမှာပင် ရှိုင်သွာန်၏ အချုပ်အနှောင်များနှင့်နှောင့်နှေးအောင်ပြုလုပ်မှုများမှ လွတ်မြောက်သွားသောကြောင့်လည်း ဖြစ်သည်။ထိုသို့မဟုတ်ပါက သူသည် ညစ်ညူးသောစိတ်၊ ဝမ်းနည်းသောနှလုံးသားနှင့်ကောင်းမှုကုသိုလ်ပြုရန် ပျင်းရိလျက် မနက်ခင်းအခါကို ရှောက်ရှိရလေသည်။အဘယ်ကြောင့်ဆိုသော် သူသည် ရှိုင်သွာန်၏ ချည်နှောင်မှုဖြင့် ချည်နှောင်ခြင်းခံရပြီးမဟာကရုဏာတော်ရှင် (အလ္လာဟ်) ၏ နီးကပ်မှုမှ ဝေးကွာသွားသောကြောင့် ဖြစ်သည်။